Mahidol University
Institute for Population and Social Research

သုတေသန အကျဉ်းချုပ်

# ရွှေ့ပြောင်းလာသော လူ၂သိန်း

## အခွင့်အလမ်းလား၊ စိန်ခေါ်မှုလား



ဒေါက်တာ အဖီချတ် ချမ်ရာထရီထီရောင်း၊ ဂုဏ်ထူးဆောင် ပါမောက္ခ
လူဦးရေနှင့် လူမှုရေးရာ သုတေသန အင်စတီကျု၊ မဟီဒေါ တက္ကသိုလ်

“ထိုင်းနိုင်ငံ၏ လူဦးရေကျဆင်းလာခြင်း ပြဿနာကြောင့်

# နှစ်စဉ် လူ ၂ သိန်းခန့်

ပြည်တွင်းသို့ဝင်ရောက်လာရန်
လိုအပ်နေသည်”

လူဦးရေကျဆင်းလာသောပြဿနာကို ဘယ်လိုသုံးသပ်ကြမလဲ။ ဘယ်တော့စပြီး ဖြေရှင်းကြမလဲ။ ဒီပြဿနာက ထိုင်းနိုင်ငံအတွက်

## အကြပ်အတည်းလား၊ အခွင့်အလမ်းလား

ယခုနှစ် အစပိုင်းလောက်က အီလွန်မတ်စ် သည် “ဂျပန်နိုင်ငံရဲ့ လူဦးရေကျဆင်းခြင်းပြဿနာဟာ ကမ္ဘာကြီးအတွက် ကြီးမားတဲ့ဆုံးရှုံးမှုတစ်ခု ဖြစ်လာနိုင်တယ်” ဟု အံ့အားသင့်ဖွယ်ပြောခဲ့သည်။

ထိုစကားကြောင့် လူအများကြား တုန်လှုပ်သွားသော်လည်း ဂျပန်နိုင်ငံပြီးလျှင် လူဦးရေကျဆင်းခြင်းပြဿနာကို ဒုတိယမြောက်ကြုံတွေ့ရနိုင်တဲ့ ကမ္ဘာပေါ်ရှိ နောက်တစ်နိုင်ငံအကြောင်းကို ပြောဆိုကြတာ သိပ်မတွေ့ရပါ။ အရေးကြီးဆုံးမေးခွန်းကတော့ ဒီပြဿနာကို ဘယ်နိုင်ငံက အဦးဆုံးကြုံတွေ့ရမလဲ ဆိုတာပဲ ဖြစ်ပါတယ်။

၂၀၂၀ခုနှစ်က ပညာရှင်တစ်စုသည် ၂၁ရာစုအကုန်တွင် ဖြစ်လာမည့် ကမ္ဘာ့နိုင်ငံများ၏ လူဦးရေတိုးပွားနှုန်းခန့်မှန်းချက်တစ်ခုကို ထုတ်ပြန်ခဲ့ပါသည်။ ထိုခန့်မှန်းချက်အရ လူဦးရေကျဆင်းခြင်းပြဿနာကို ဂျပန်ပြီးနောက် အဆိုးရွားဆုံးရင်ဆိုင်ရမည့် ဒုတိယနိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်သည်။

**ထိပ်ဆုံးနိုင်ငံ ၃ နိုင်ငံအတွက်** ၎င်းပြဿနာသည် စိုးရိမ်စရာအကောင်းဆုံးဖြစ်နေပြီး ယင်းနိုင်ငံများရှိ လူဦးရေထက်ဝက်ကျော်ခန့် (နိုင်ငံသားများနှင့် နိုင်ငံသားမဟုတ်သောနေထိုင်သူများအပါအဝင်) ကို ၂၁ရာစုအကုန်တွင် ဆုံးရှုံးသွားနိုင်စရာရှိသည်။ ထို ၃ နိုင်ငံမှာ ဂျပန်၊ ထိုင်းနှင့် စပိန်တို့ဖြစ်ကြသည်။



ဂျပန် ထိုင်း စပိန်

ထိုလေ့လာချက်အရ ထိုင်းနိုင်ငံသည် ယင်း၏
**လက်ရှိလူဦးရေ ထက်ဝက်ကျော်ခန့် (သန်း ၃၀ ကျော်ကို)**
ဆုံးရှုံးသွားရနိုင်သည်။

တချိန်တည်းမှာပဲ ဖွံ့ဖြိုးပြီးနိုင်ငံများရှိ မွေးဖွားနှုန်းသည် အစားထိုးနိုင်သော လူဦးရေ အရေအတွက်ထက် နိမ့်ပါးနေသည်။ ထိုင်းနိုင်ငံ၏ ကျဆင်းလာသော လူဦးရေတိုးပွားနှုန်းကို အစားထိုးနိုင်မည့် လူဦးရေနှုန်းထားသည် ယူနိုက်တက်ကင်းဒမ်း၊ ဂျာမနီ၊ အမေရိကကန်ပြည်ထောင်စု၊ ကနေဒါနှင့် ဩစတြေးလျနိုင်ငံတို့ထက် နည်းပါးနေသည်။ ရှင်းလင်းထိရောက်သော ပြည်ဝင်ခွင့်မူဝါဒ များကြောင့် ထိုနိုင်ငံများ၏ လူဦးရေသည် တိုးပွားလာနေမည်ဖြစ်သည်။ ၎င်းတို့သည် အလုပ်သမားဦးရေ တိုးပွားစေရေးအတွက် လူဦးရေအစားထိုးခြင်းကို ပြည်ဝင် ခွင့်မူဝါဒများကတဆင့် ချမှတ်လုပ်ဆောင်နေသည် မှာ နှစ်ပေါင်းများစွာရှိနေပြီ ဖြစ်သည်။ ၂၀၀၁ခုနှစ် ကုလသမဂ္ဂအဖွဲ့ကြီးမှ ကမ္ဘာတစ်ဝှမ်း ကျဆင်းလာသော မွေးဖွားနှုန်းကို ပြည်ပမှ ရွှေ့ပြောင်းနေထိုင်လာသူများဖြင့် အစားထိုးဖြေရှင်းခြင်းနည်းလမ်းကို အကြံပြုခြင်း မတိုင်မီကတည်းက ယင်းနိုင်ငံများက ကျင့်သုံးနေကြပြီ ဖြစ်သည်။


ဖွံ့ဖြိုးပြီးနိုင်ငံများတွင် လူဦးရေတိုးပွားနှုန်းကို ကျဆင်းမသွားအောင် ထိန်းထားနိုင်သော်လည်း နိုင်ငံအများစုအတွက်မူ ကမ္ဘာလုံးဆိုင်ရာ လူဦးရေကျဆင်းလာခြင်းသည် နိုင်ငံလုံးဆိုင်ရာ အကြပ်အတည်းဖြစ်နေသည်။ ရွှေ့ပြောင်းနေထိုင်သူများနှင့် ယင်းတို့ကို လက်ခံသည့် နိုင်ငံကြားရှိ ပဋိပက္ခများသည် လူမျိုးရေးခွဲခြားခြင်းနှင့် နိုင်ငံခြားသားမုန်းတီးမှုတို့အပေါ် အခြေခံ၍ ဖြစ်ပွားလေ့ရှိသည်။ ယင်းပဋိပက္ခများသည် လစ်ဘရယ်ဒီမိုကရေစီနိုင်ငံများနှင့် အမျိုးသားရေးပြင်းထန်ပြီး လူကြိုက်များ ပေါ်ပြူလစ်နိုင်ငံရေး အားကောင်းသော နိုင်ငံများအကြားရှိ နိုင်ငံရေး ပဋိပက္ခအသွင်သို့လည်း ကူးပြောင်းသွားနိုင်သည်။ ယင်းဖြစ်ရပ်ကို ဗြိတိန်နိုင်ငံ ဥရောပသမဂ္ဂမှ နှုတ်ထွက်ခြင်းနှင့် သမ္မတထရမ့်၏ အာဏာယူပြီးစ မိန့်ခွန်းတို့တွင် တွေ့နိုင်သည်။

နိုင်ငံတစ်ခုတွင် ရှိရမည့် နိုင်ငံသားအရေအတွက်နှင့် နိုင်ငံသားမဟုတ်သည့် အမြဲတမ်းနေထိုင်သူအရေအတွက်ကို ချိန်ညှိရာတွင် ထိုနိုင်ငံအတွင်းသို့ နှစ်စဉ် ရွှေ့ပြောင်းနေထိုင်သူအရေအတွက် သတ်မှတ်ရန်လည်း လိုအပ်သည်။ လူဦးရေအစားထိုး ရွှေ့ပြောင်းနေထိုင်ခြင်းကို လုပ်ဆောင်ရာတွင် အသစ်ဝင်ရောက်လာသူများနှင့် နိုင်ငံသားများအကြား လူမှုရေးအရရော နေထိုင်ရာဒေသအရပါ ပေါင်းစည်းမှုရှိရန် အရေးကြီးသည်။ အောင်မြင်သော အစားထိုးရွှေ့ပြောင်းနေထိုင်ခြင်း ပေါ်ပေါက်လာရန်မှာ စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့ လုပ်ဆောင်နေရန် လိုအပ်သည်။ ထိုင်းနိုင်ငံတွင် လူဦးရေအစားထိုးရွှေ့ပြောင်းနေထိုင်ခြင်းမှတစ်ဆင့် အခွင့်အလမ်း အသစ်များ ပေါ်ပေါက်လာရန်မှာ အထက်တွင် ဖော်ပြခဲ့သော အမျိုးသားရေးဝါဒနှင့် နိုင်ငံခြားသားမုန်းတီးမှုတို့ကို ရှောင်ရှားရန် လိုအပ်သည်။

ရွှေ့ပြောင်းနေထိုင်သူများနှင့် ၎င်းတို့၏မိသားစုဝင်များကို တိုင်းပြည်ရှိလူဦးရေနှင့် ပေါင်းစည်းခြင်းသည် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်သာမဟုတ်ဘဲ မညီမျှမှုများ၊ ဆင်းရဲမွဲတေမှု လျော့ချခြင်းနှင့် ချုပ်ခြယ်ကန့်သတ်ခံနေရသူများအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်လည်း အရေးကြီးသည်။ အန္တိမရည်ရွယ်ချက်သည် တိုင်းပြည်လူမှုစီးပွားအဆင့်အတန်း မြင့်မားစေရန်နှင့် နိုင်ငံတဝှမ်းချမ်းမြေ့သာယာဖွယ် လူနေမှု အဆင့်အတန်းကို ဖန်တီးပေးနိုင်ရန်ဖြစ်သင့်သည်။ ထို့အပြင် မြို့ပြနှင့် ကျေးလက်ဒေသ တပြိုင်နက်ဖွံ့ဖြိုးလာစေရန် နည်းပညာအထောက်အပံ့ နှင့် လူမှုရေးနှင့် ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာများ ကူးလူးရောထွေး နေရန်လည်း လိုအပ်သည်။ အချုပ်အားဖြင့်ဆိုရသော် အစားထိုး ရွှေ့ပြောင်းနေထိုင်ခြင်းသည် လူမှုစီးပွားတိုးတက်စေရေး၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လူမှုဖူလုံရေးတို့ ရရှိစေပြီး တနိုင်ငံလုံး တိုးတက်စည်ပင်လာရန် ရည်မှန်းရမည်ဖြစ်သည်။




ပုံ - နည်းပြချေ (မစ္စတာ ချက်ချိုင်းချွေ) ထိုင်းနိုင်ငံသားခံယူစဉ်
(Source: YOUTUBE-TNN Online Feb 5, 2565 BE)



## အရေအတွက်အားဖြင့် နှစ်စဉ် လူဦးရေ၂ သိန်းခန့်ကို

နိုင်ငံခြားသားအဖြစ်မှ ထိုင်းနိုင်ငံသားအဖြစ်သို့ရောက်ရှိရန် ရည်မှန်းချက်ထား လုပ်ဆောင်သင့်သည်။ ယင်းရည်မှန်းချက်အတိုင်း လုပ်ဆောင်ပါက

## နောင် အနှစ် ၈၀ ခန့်တွင် ထိုင်းလူမျိုး ၁၆ သန်းခန့် မွေးဖွားလာမည် ဖြစ်သည်။

ထိုအရေအတွက်သည် ကျဆင်းလာမည့် လူဦးရေ ၅၀ ရာခိုင်နှုန်းခန့်နှင့် တူညီပါသည်။ သို့သော်ငြား ပြည်တွင်းသို့ ထိုင်းမဟုတ်သူများ ရွှေ့ပြောင်းလာခြင်းသည် လူဦးရေအစားထိုးခြင်းကို ၁၀၀ ရာခိုင်နှုန်း လုပ်ဆောင်ပေးနိုင်မည်မဟုတ်သောကြောင့် အခြားသော မူဝါဒများကိုလည်း စဉ်းစားသင့်သည်။ ယင်းတို့မှာ မိသားစုများကို ၎င်းတို့သဘောဆန္ဒအလျောက် မွေးဖွားနှုန်းတက်စေရန် လှုံ့ဆော်ခြင်း၊ ပင်စင်ယူရန်အသက်သတ်မှတ်ချက်ကို တိုးမြှင့်ခြင်း၊ ပင်စင်ယူပြီးသူများအတွက် သင့်တော်မည့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ စက်ရုပ်နှင့် AI ကဲ့သို့သော နည်းပညာများကို အသုံးပြုခြင်းနှင့် အာဆီယံဒေသတွင်း လုပ်သားရွှေ့ပြောင်းခြင်းဆိုင်ရာ အရင်းအမြစ်များ ဝေမျှခြင်းတို့ဖြစ်သည်။



ပုံ - မစ္စတာ အူဒုန် စုဆာနီး (ဦးခမ်းမွမ်) သည် ထိုင်းနိုင်ငံသားအဖြစ် ခံယူစဉ်တွင် ရှာသားများကို ကူညီခဲ့သည်။
(Source: YOUTUBE-Thai PBS News Feb 14, 2563 BE)

| ရည်မှန်းချက် | အရေအတွက် | သက်ဆိုင်ရာဌာန |
|---|---|---|
| ECC ကဲ့သို့သော နိုင်ငံလုံးဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်းများကို ပံ့ပိုးရန်။ | ၂၀,၀၀၀ | ဝန်ကြီးအဖွဲ့ |
| လူမှုဖွံ့ဖြိုးရေး၊ သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှု၊ စိတ်ပိုင်းဆိုင်ရာနှင့် ကျန်းမာပျော်ရွှင်မှုတို့အတွက် သက်ဆိုင်ရာနယ် ပယ်အလိုက် အရည်အသွေးပိုင်း ဆိုင်ရာ ကျွမ်းကျင်မှုရှိသူများကို နိုင်ငံတွင်းသို့ဖိတ်ခေါ်ပြီး ဒေသခံလူထုနှင့် တသားတည်း ဖြစ်စေရန် အားထုတ်ခြင်း။ | ၂၀,၀၀၀ | ဝန်ကြီးများ၊ ဆီနိတ်တာများနှင့် အောက်လွှတ်တော်အမတ်များ |
| ဒေသခံ အသေးစားနှင့်အလတ်စားလုပ်ငန်းများနှင့် ချိတ်ဆက်ရန် | ၁၆၀,၀၀၀ | နိုင်ငံအနှံ့ ၇,၈၅၀ နေရာရှိ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များ |
| စုစုပေါင်း | ၂၀၀,၀၀၀ | |

ဖော်ပြပါဇယားတွင် သတ်မှတ်သင့်သည့် ရွှေ့ပြောင်းနေထိုင်သူ အရေအတွက်နှင့် အစားထိုးရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ မူဝါဒချမှတ်ခြင်းကို လုပ်ဆောင်သင့်သည့် အစိုးရဌာနများကို အကြံပြုဖော်ပြထားပါသည်။

01

**ပထမရည်မှန်းချက်သည်** တိုင်းပြည်ရှိ လုပ်သားအင်အားစုကို အရှေ့စီးပွားရေးစင်္ကြန် (Eastern Economic Corridor) ကဲ့သို့သော နိုင်ငံအဆင့် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ချိတ်ဆက်ရန်ဖြစ်သည်။ ယင်းသို့လုပ်ဆောင်ခြင်းဖြင့် အသက်အရွယ် ရာထူးကြီးမြင့်သူများ၊ အုပ်ချုပ်ရေးပိုင်း တာဝန်ယူထားသူများနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် ရေရှည်အကျိုးရလဒ်များ၊ မြေယာပိုင်ဆိုင်မှုနှင့် ထိုင်းနိုင်ငံသားပေးအပ်ခြင်းစသည်တို့ကို ထောက်ပံ့ပေးနိုင်ပါလိမ့်မည်။

02

**ဒုတိယရည်မှန်းချက်သည်** လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်၊ ဘာသာစကားနှင့် ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ဖူလုံသောလူမှုဘဝရရှိစေရေး အစရှိသည်တို့ကို လုပ်ကိုင်နိုင်မည့် လူဦးရေကို စနစ်တကျရွေးချယ်ရန်နှင့် နိုင်ငံခြားသားများအနေဖြင့် ထိုင်းနိုင်ငံ ခရိုင်အသီးသီးရှိ လူများနှင့် တပေါင်းတစည်းတည်း ဖြစ်လာရန်ဖြစ်သည်။ ဥပမာအားဖြင့် လွှတ်တော်၏ စီမံခန့်ခွဲမှုအောက်တွင် နိုင်ငံသား ၂ သောင်းခန့်ကို နှစ်စဉ်စီစစ်ရွေးချယ်ရန် တာဝန်ပေးသင့်သည်။

03

**တတိယရည်မှန်းချက်သည်** နိုင်ငံခြားသားများကို မြို့နယ်ကျေးရွာအဆင့် အုပ်ချုပ်ရေးယန္တရားများတွင် ခန့်ထားရန်ဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသော ဒေသန္တရအုပ်ချုပ်ရေးယန္တရားများ လည်ပတ်နေသည့် နေရာ ၇၈၅၀ ရှိရာတွင် နေထိုင်ရာလူဦးရေအချိုးအစားအလိုက် ခန့်ထားတာဝန်ပေးသင့်သည်။ မူဝါဒများချမှတ်ရာတွင် ဒေသခံများကို ဖိတ်ခေါ်ပြီး ဒေသခံ အသေးစားနှင့် အလတ်စား လုပ်ငန်းများ၏ လိုအပ်ချက်များနှင့် ဖွံ့ဖြိုးရေးလမ်းစဉ်များအတိုင်း ဆောင်ရွက်ရန် အရေးကြီးသည်။

နှစ်စဉ် ရွှေ့ပြောင်းနေထိုင်သူ ၂ သိန်းခန့် ရရှိရေးနှင့် ထိုင်းနိုင်ငံသား ၂ သောင်းခန့် တိုးပွားလာရေးသည် နိုင်ငံရင်ဆိုင်နေရသော အကြပ်အတည်းအတွက် အလျင်အမြန်လုပ်ဆောင်သင့်သော ဖြေရှင်းနည်းဖြစ်သည်။ လူဦးရေကျဆင်းလာခြင်းသည် စစချင်းတွင် အကြပ်အတည်းတစ်ခုဟု မရှုမြင်ကြသော်လည်း လက်တွေ့တွင်မူ လက်ငင်းဖြေရှင်းရမည့် ပြဿနာဖြစ်သည်။ လူဦးရေအစားထိုးရွှေ့ပြောင်းနေထိုင်ခြင်းသည် ရှုထောင့်ပေါင်းစုံမှ အကျိုးဖြစ်ထွန်းနိုင်ပြီး လက်တွေ့လုပ်ဆောင်ရာတွင် အမှားကင်းရန် အချိန်ယူရမည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ စောင့်ဆိုင်းနေပါက နိုင်ငံခြားသားမုန်းတီးမှုနှင့် အမျိုးသားရေး စိတ်ပြင်းထန်မှု အတားအဆီးများကို ရင်ဆိုင်ရမည်။ ထိုပြဿနာများကို ရွှေ့ပြောင်းနေထိုင်သူဦးရေ အလွန်များပြားသော ဖွံ့ဖြိုးပြီးနိုင်ငံများတွင် တွေ့ရမည် ဖြစ်သည်။ ထိုင်းနိုင်ငံအနေဖြင့် ထိုဖြစ်ရပ်များကို လေ့လာပြီး ထိုင်းနိုင်ငံနှင့် သင်တော်မည့် မူဝါဒများကို ချမှတ်ရန် အခွင့်အလမ်းရှိသေးသည်။ ရေရှည် စီမံကိန်းချမှတ်ခြင်းဖြင့် ဤအကြပ်အတည်းကို ထိုင်းနိုင်ငံအတွက် အခွင့်အလမ်းတစ်ခုအသွင် ပြောင်းလဲနိုင်မည်ဖြစ်သည်။ နည်းပြ Che (Chatchai Chwae) နှင့် Udom Suksanaih တို့ကဲ့သို့သော လူ ၂ သိန်းခန့်ကို နှစ်စဉ်လက်ခံနိုင်ပါလျှင် ထိုင်းနိုင်ငံအတွက် ဘယ်လောက်အကျိုးရှိမည်ကို စိတ်ကူးရင်ကြည့်နိုင်သည်။

Works cited


- Vollset, S. E. et. al, Fertility, mortality, migration, and population scenarios for 195 countries and territories from 2017 to 2100: a forecasting analysis for the Global Burden of Disease Study, The Lancet VOLUME 396, ISSUE 10258, P1285-1306, OCTOBER 17, 2
- United Nations. Department of Economic and Social Affairs. Population Division. Replacement Migration: Is it a Solution to Declining and Ageing Populations? vol. no. 206, United Nations,